# စားသုံးရန်မသင့်သော
# အစားအသောက်များနှင့်ပတ်သက်၍
# အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အစားအသောက်များ၌ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ခွင့်မပြုဆိုးဆေးများ ပါဝင်နေမှုနှင့် ခွင့်ပြုအစားအသောက် ထပ်ဖြည့်ပစ္စည်းများအား သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန်သုံးစွဲထားသည်တို့ကြောင့် ထိုအစားအသောက်များကို ရေရှည်စားသုံးမိပါက အစာအိမ်၊ အသည်း၊ ကျောက်ကပ်များပျက်စီးခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ပါသဖြင့် ယခုဖော်ပြထားသော အစားအသောက်များကို စားသုံးခြင်းမပြုရန် အသိပေးအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများ၊ ခွင့်မပြုတာရှည်ခံ ဓာတုပစ္စည်းများကို လုံးဝအသုံးမပြုရန်၊ ခွင့်ပြုအစားအသောက်ထပ်ဖြည့်ပစ္စည်းများကို သတ်မှတ်ပမာဏအတွင်းသာ အသုံးပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈ (က) အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**ကျန်းမာရေးဝန်ကြီးဌာန**

## ၂၀၂၃ ခုနှစ်၊ ဇွန်လမှ ဒီဇင်ဘာလအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် နှင့်ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့် နေရာ |
|---|---|---|---|---|---|
| ၁။ | Energy Drink (ခွန်အားဖြည့် အချိုရည်) | Master (250 ml/ Plastic Bottle) | **Sodium Cyclamate နှင့် Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ မြောက်ဦးမြို့။ |
| ၂။ | ပဲငပိပြား (အခြောက်) | ကိုးသုံးလုံး (-/ Plastic Pack) | **ခွင့်မပြုဆိုးဆေး Orange II** ပါဝင်နေပါသည်။ |  | မြို့မဈေး၊ လားရှိုးမြို့။ |
| ၃။ | ယိုစုံ | ရွှေဆည် (-/ Plastic Pack) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | တောင်တွင်းကြီးမြို့ ပေါ် ကုန်စုံဆိုင်များ။ |
| ၄။ | Pineapple Juice | မိဘမေတ္တာသီး စုံအအေး (300 ml/ Plastic Bottle) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | ခပေါင်းဈေး၊ အင်းတကော်မြို့၊ ပဲခူးမြို့နယ်။ |
| ၅။ | Tamarind Juice | မိဘမေတ္တာသီး စုံအအေး (300 ml/ Plastic Bottle) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | ခပေါင်းဈေး၊ အင်းတကော်မြို့၊ ပဲခူးမြို့နယ်။ |

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် နှင့်ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့်နေရာ |
|---|---|---|---|---|---|
| ၆။ | Strawberry Juice | မိဘမေတ္တာသီးစုံအအေး (300 ml/ Plastic Bottle) | **Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |  | ခပေါင်းဈေး၊ အင်းတကော်မြို့၊ ပဲခူးမြို့နယ်။ |
| ၇။ | Lemon Lime Juice | မိဘမေတ္တာသီးစုံအအေး (300 ml/ Plastic Bottle) | **Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |  | ခပေါင်းဈေး၊ အင်းတကော်မြို့၊ ပဲခူးမြို့နယ်။ |
| ၈။ | Lychee Juice | မိဘမေတ္တာသီးစုံအအေး (300 ml/ Plastic Bottle) | **Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |  | ခပေါင်းဈေး၊ အင်းတကော်မြို့၊ ပဲခူးမြို့နယ်။ |
| ၉။ | Red Bull | မိဘမေတ္တာသီးစုံအအေး (300 ml/ Plastic Bottle) | **Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |  | ခပေါင်းဈေး၊ အင်းတကော်မြို့၊ ပဲခူးမြို့နယ်။ |
| ၁၀။ | သံပုရာအချိုရည် | Ice Lemon (-/ Plastic Pack) | **Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |  | ခပေါင်းဈေး၊ အင်းတကော်မြို့၊ ပဲခူးမြို့နယ်။ |
| ၁၁။ | မျှင်ငပိ | ရတနာ (-/ Plastic Cup) | **ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။** |  | ရွှေငါးစတိုး၊ စစ်တွေမြို့။ |

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် နှင့်ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့ သည့်နေရာ |
|---|---|---|---|---|---|
| ၁၂။ | ပုန်းရည်ကြီး | ဦး (-/ Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့ပေါ်ရပ်ကွက်ရှိ ကုန်စုံဆိုင်၊ ချောက်မြို့။ |
| ၁၃။ | Energy Drink | Power Bull (200 ml/ Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |   | ဒေါ်သိန်းလှ ဈေးဆိုင်၊ အသုတ်မြို့နယ်။ |
| ၁၄။ | Fruity Drink | Popsicle (200 ml/ Plastic Pack) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |   | မြို့မဈေး၊ မင်းဘူးမြို့။ |